# အခန်း ၉

# အစီအစဉ်ချမှတ်ခြင်း

နိုင်ငံတကာလုပ်ထုံးလုပ်နည်း
အပိုင်း (၄) – လက်တွေ့ မှတ်တမ်းတင်ခြင်း။ ။ ကြိုတင်ပြင်ဆင်မှု
စာမျက်နှာ ၁၁၈ မှ ၁၃၉


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈

# သင်တန်း၏ ရည်ရွယ်ချက်များ

ဂရုတစိုက်ဖြင့် ထိရောက်သည့် အစီအစဉ်ချမှတ်ခြင်း၏ ဗျူဟာမြောက်အားသာချက်များ ကို လက်ခံအသိအမှတ်ပြုခြင်း

တိကျမှန်ကန်သော စကားပြန်များနှင့် ကြားခံလူများကို ရွေးချယ်ရန်နှင့် ၎င်းတို့၏ လုပ်ဆောင်ချက်များကို စီမံခန့်ခွဲရန် သက်ဆိုင်ရာ အကြောင်းအရင်းများကို ထည့်သွင်းစဉ်းစားခြင်း

သတင်းအချက်အလက်များကို သိမ်းဆည်း၊ စီစဉ်၊ ခွဲခြမ်းစိတ်ဖြာရန် အကောင်းဆုံးနည်းလမ်းများကို ရှာဖွေဖော်ထုတ်ခြင်း


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈*

# ဘာကြောင့်အစီအစဉ်ချမှတ်ရေးဆွဲသနည်း။

နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ၊ စာမျက်နှာ ၁၁၉ - ၁၂၀၊
အခန်း ၇ - မထိခိုက်ပါစေနှင့်၊ အခန်း ၈ - ဘေးကင်းလုံခြုံရေး၊
အခန်း ၁၀ - သက်သေအမျိုးအစားများနှင့်၊ အခန်း ၁၃ - သတင်းအချက်အလက်များကို သိမ်းဆည်းကိုင်တွယ်ခြင်း

စေ့စေ့စပ်စပ် အစီအစဉ်ချမှတ်ခြင်းသည် အရေးကြီးပြီး ဥပမာအားဖြင့်

- သင်၏ရည်မှန်းချက်ကို သိရှိပြီး သက်သေအထောက်အထားကောင်းများ စုဆောင်းနိုင်ခြင်း
- ကောင်းစွာ လေ့ကျင့်သင်ကြားပေးခြင်း
- ဘဏ္ဍာရေးအရ/ ထောက်ပံ့ပို့ဆောင်ရေးအရ ပြင်ဆင်ထားခြင်း
- မလိုလားအပ်သော အန္တရာယ်အလားအလာများကို ရှောင်ရှားခြင်း
- သက်သေအထောက်အထားများကို သယ်ယူသိမ်းဆည်းနည်းကို သိရှိခြင်း
- လုံလောက်သည့် လွှဲပြောင်းမှုဆိုင်ရာ ရွေးချယ်စရာများထားရှိခြင်း
- စုဆောင်းထားသော သက်သေအထောက်အထားများဖြင့် ဘာလုပ်ရမည်ကို သိရှိခြင်း

စသည်တို့ကို လုပ်ဆောင်နိုင်မည်ဖြစ်သည်။


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# CARSV မှတ်တမ်းတင်ခြင်း အစီအစဉ်

နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ၊ စာမျက်နှာ ၁၂၁ - ၁၃၉၊
အခန်း ၇ - မထိခိုက်ပါစေနှင့်၊ အခန်း ၈ - ဘေးကင်းလုံခြုံရေး၊
အခန်း ၁၀ - သက်သေအမျိုးအစားများနှင့်၊ အခန်း ၁၃ - သတင်းအချက်အလက်များကို သိမ်းဆည်းကိုင်တွယ်ခြင်း

- အစီအစဉ်ချမှတ်ခြင်းသည် အောက်ပါ အဓိကမေးခွန်းများကို ဖြေဆိုရာ၌ အကူအညီပေးမည်ဖြစ်သည် - ဘာကြောင့် သတင်းအချက်အလက်/အထောက်အထားတွေကို စုဆောင်းထားရတာလဲ။ ဘယ်လိုစုဆောင်းမှာလဲ။ ဘာရည်ရွယ်ချက်အတွက် ဘယ်လောက်အထိလုပ်မှာလဲ။ ပြီးတော့ ဘယ်မူဘောင်အရ လုပ်မှာလဲ။

- သင်၏ကြိုးပမ်းအားထုတ်မှုများသည် ရှိနှင့်ပြီးသားဖြစ်သည့် မှတ်တမ်းတင်ခြင်းလုပ်ငန်းစဉ်များ ကို အဟန့်အတားမဖြစ်စေဘဲ အပြုသဘောဆောင် ဖြည့်စွက်ပြည့်စုံစေကြောင်း သေချာပါစေ။

- မှတ်တမ်းတင်ခြင်းလုပ်ငန်းစဉ်ကိုမစတင်မီ ဤမေးခွန်းများကိုဖြေဆိုရန် စေ့စေ့စပ်စပ်ရှိသည့် မှတ်တမ်းတင်ခြင်းအစီအစဉ်ကို ရေးဆွဲပြီး ယင်းလုပ်ငန်းစဉ်တလျှောက်လုံး ၎င်းအစီအစဉ်ကို ပြန်လည်ချိန်ညှိပေးပါ။


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈*

# CARSV မှတ်တမ်းတင်ခြင်း အစီအစဉ်

သင်၏ မှတ်တမ်းတင်ခြင်းအစီအစဉ်၏ အဓိက အစိတ်အပိုင်း သုံးရပ်တွင် ဖြည့်သွင်း ဖော်ပြရန်အတွက် အောက်ပါ အစီအစဉ်ရေးဆွဲခြင်း မေးခွန်းနမူနာများကို ဖြေဆိုရန် လိုအပ်သည်။

## ပဏာမအဆင့် သုတေသနပြုခြင်း

- သင့်ရဲ့**သုတေသနပြုပြီး၊ ခွဲခြမ်းစိတ်ဖြာ**တဲ့ အဆင့်မှာ ဘာတွေ တွေ့ရှိခဲ့သလဲ။
- သင့်ရဲ့**ရည်မှန်းချက်**ကဘာလဲ။
- ဘာ**လုပ်ရပ်**တွေကို စုံစမ်းနေတာလဲ။
- သင့်စုံစမ်းမေးမြန်းမှုရဲ့**နယ်ပယ် အတိုင်းအတာ**က ဘယ်လောက်ရှိသလဲ။
- **အန္တရာယ်အလားအလာတွေ**က ဘာတွေလဲ။
- ဘယ်လို**အရင်းအမြစ်တွေ** လိုအပ်ပြီး အဲ့ဒါတွေအတွက် ဘယ်လောက် **ကုန်ကျ**မလဲ။

## သတင်းအချက်အလက် စုဆောင်းခြင်း မဟာဗျူဟာ

- ဘယ်လိုသတင်းအချက်အလက်များ လိုအပ်သလဲ။
- သင့်ရဲ့သတင်းအချက်အလက်**ကွာဟချက်တွေ**က ဘာလဲ။
- သတင်းအချက်အလက်တွေကို **ဘယ်မှာ**ရနိုင်မလဲ။
- အဲ့ဒါကို ဘယ်လို **စုဆောင်း**မလဲ။
- အဲ့ဒါကို ဘယ်လို**သိမ်းဆည်းပြီး သယ်ဆောင်**သွားမလဲ။
- အဲ့ဒါကို ဘယ်လို **စီစဉ်**မလဲ။

## လုပ်ငန်းစဉ်များ

- **အစီရင်ခံခြင်းအစီအစဉ်တွေ**က ဘာတွေလဲ။
- **လုပ်ငန်းစဉ်တွေ**ကို ဘယ်လိုပြန်လည်သုံးသပ်မလဲ။
- သင့်ရဲ့**လိုက်နာရမဲ့ကျင့်ထုံး**တွေက ဘာတွေလဲ။
- သင့်ရဲ့SOP (ပုံသေသတ်မှတ်ထားသော အစီအစဉ် အတိုင်းလုပ်ဆောင်မှု)တွေ ကဘာတွေလဲ။
- **ကိုယ့်ကိုကိုယ် ဘယ်လိုဂရုစိုက်မလဲ။**
- သင့်ရဲ့**အာမခံ**အတွက် အစီအစဉ်တွေက


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# အစီအစဉ်ချမှတ်ခြင်းအခြေခံအချက်များ

အခန်း ၇ - မထိခိုက်ပါစေနှင့်၊ အခန်း ၈ - ဘေးကင်းလုံခြုံရေး၊
အခန်း ၁၀ - လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု သက်သေအမျိုးအစားများ

CARSV မှတ်တမ်းတင်ခြင်းအတွက် သက်ဆိုင်ရာအစီအစဉ်ချမှတ်ခြင်းအခြေခံအချက်များတွင်

- **လုပ်ပိုင်ခွင့်နှင့် အရင်းအမြစ်များ**
- **စုံစမ်းစစ်ဆေးရမည့်/ မှတ်တမ်းတင်ရမည့် ဖြစ်ရပ်များ**
- **ဖြစ်နိုင်ချေရှိသော သတင်းအချက်အလက် အရင်းအမြစ်များ**
- **ဖြစ်နိုင်သည့် သံသယရှိသူများ/ ကျူးလွန်သူများ**
- **သက်သေအထောက်အထား ကောက်ယူ စုဆောင်းပိုင်ခွင့်**
- **ဖြစ်နိုင်သည့် စုံစမ်းရေး လမ်းကြောင်းများ**
- **အသင်းအဖွဲ့၏ အခန်းကဏ္ဍများနှင့် တာဝန်များ**

စသည်တို့ ပါဝင်သည်။

*နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ*
*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# လေ့ကျင့်သင်ကြားရေး

နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ၊ စာမျက်နှာ ၁၃၂ - ၁၃၅၊
အခန်း ၁၁ - တွေ့ဆုံမေးမြန်းခြင်းနှင့်၊ အခန်း ၁၆ - ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု
အခန်း ၁၅- စိတ်ဒဏ်ရာနှင့်၊ အခန်း ၁၇ - အမျိုးသားနှင့် ယောကျ်ားငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု

- လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို ကိုင်တွယ်ဖြေရှင်းရန် သင့်အဖွဲ့က အဖွဲ့ဝင်အားလုံးကို သင့်လျော်စွာ လေ့ကျင့်သင်ကြားပေးပြီး၊ ၎င်းတို့၏ လုပ်ဆောင်နိုင်စွမ်းကို စိစစ်စစ်ဆေးထားသင့်ပါသည်။ အဖွဲ့ဝင်များတွင် စကားပြန်များ၊ တွေ့ဆုံမေးမြန်းသူများ၊ လေ့လာဆန်းစစ်သူများ၊ အထောက်အကူပြုဝန်ထမ်းများ၊ ကြားခံလူများ ပါဝင်သည်။

- ယခုလုပ်ထုံးလုပ်နည်းနှင့် ဤသင်ထောက်ကူပစ္စည်းများကို အဖွဲ့ဝင်များအား မှတ်တမ်းတင်ခြင်းလုပ်ငန်းစဉ်၏ အခြေခံစံနှုန်းများနှင့်ပတ်သက်၍ လေ့ကျင့်ရာ၌ အသုံးပြုနိုင်သည်။ အဖွဲ့ဝင်များအားလုံး အနေနှင့်...

| သင့်လျော်သော တွေ့ဆုံမေးမြန်းမှု နည်းစနစ်များ | ထုတ်ဖော်ပြောဆိုခြင်းအတွက် ကိုယ်ချင်းစာစိတ်ရှိရှိတုံ့ပြန်မှုများ | စိတ်ဒဏ်ရာကို အသိအမှတ်ပြုခြင်း |
|---|---|---|

စသည်တို့ကို အနည်းဆုံး လေ့ကျင့်သင်ကြား/သတိပြုထားသင့်သည်။


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈*

# လေ့ကျင့်သင်ကြားရေး

နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ၊ စာမျက်နှာ ၁၃၂ - ၁၃၅၊
အခန်း ၁၁ - တွေ့ဆုံမေးမြန်းခြင်းနှင့်၊ အခန်း ၁၆ - ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု
အခန်း ၁၅- စိတ်ဒဏ်ရာနှင့်၊ အခန်း ၁၇ - အမျိုးသားနှင့် ယောကျာ်းငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု

- လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကြောင့် နစ်နာခံစားရသူများ သို့မဟုတ် ၎င်း၏ မျက်မြင်သက်သေများ ဖြစ်သည့် အမျိုးသားများ သို့မဟုတ် ကလေးသူငယ်များနှင့် အလုပ်လုပ်ရာတွင် သီးခြားထည့်သွင်းစဉ်းစားစရာများ ရှိပါသည်။
- ကလေးသူငယ်များကို ချဉ်းကပ်ခြင်းဖြစ်စေ၊ လူတွေ့စစ်ဆေးခြင်းဖြစ်စေ၊ ညွှန်းပေးခြင်းဖြစ်စေ လုပ်ဆောင်မည့်သူများသည်...

“မထိခိုက်စေနှင့်” အခြေခံမူ၊ လျှို့ဝှက်ချက်ထိန်းသိမ်းခြင်း၊ အသိပေးသဘောတူ/ခွင့်ပြုချက်

အသက်အရွယ်နှင့်ကိုက်ညီသော တွေ့ဆုံမေးမြန်းခြင်းနည်းစနစ်များ

သီးခြားစိန်ခေါ်မှုများနှင့် အားနည်းချက်များ

ပြန်လည်စိတ်ဒဏ်ရာရရှိခြင်းကို ကာကွယ်ခြင်း

ကဲ့သို့သော ကိစ္စရပ်များတွင် အထူးလေ့ကျင့်ထားပြီး အတွေ့အကြုံရှိသင့်သည်။


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# က။ ပဏာမအဆင့် သုတေသနပြုခြင်းနှင့် အန္တရာယ်အလားအလာအကဲဖြတ်ခြင်းများ

နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ၊ စာမျက်နှာ ၁၂ - ၁၄၊
အခန်း ၇ - မထိခိုက်ပါစေနှင့်၊ အခန်း ၈ - ဘေးကင်းလုံခြုံရေး၊
နောက်ဆက်တွဲ (၂) - ခြိမ်းခြောက်မှုအန္တရာယ်အလားအလာ အကဲဖြတ်မှုများ ပြုလုပ်ခြင်း

- CARSV မှတ်တမ်းတင်ခြင်း လုပ်ငန်းစဉ်များကို မလုပ်ဆောင်မီ ဂရုတစိုက် သုတေသနပြုခြင်းနှင့် ခွဲခြမ်းစိတ်ဖြာခြင်းသည် အလွန်အရေးကြီးပါသည်။
- အသက်ရှင်ကျန်ရစ်သူများ ဘေးကင်းလုံခြုံပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရရှိအောင် အကူအညီပေးနိုင်ရန် ဆက်စပ်အကြောင်းအရာကို နားလည်ရန် အရေးကြီးပါသည်။
- စေ့စေ့စပ်စပ် သုတေသနပြုခြင်းသည် သင့်အား လူသိရှင်ကြားရရှိနိုင်ပြီးဖြစ်သည့် သတင်းအချက်အလက်များကို ရှာဖွေတွေ့ရှိနိုင်ပြီး အောက်ပါပြဿနာအကြောင်းအရာများကို အကဲဖြတ် သုံးသပ်နိုင် မည်ဖြစ်သည်။ ၎င်းတို့မှာ…

| | | | |
|---|---|---|---|
| ရာဇဝတ်မှုများ၊ ဆက်စပ်အကြောင်းအရာ နှင့် အသိုင်းအဝိုင်း | မျက်မြင်သက်သေများ၊ ဝန်ထမ်းများ၊ သတင်းအချက်အလက်များ အတွက် အန္တရာယ် အလားအလာများ | ရရှိနိုင်သော အထောက်အကူပြု ဝန်ဆောင်မှုများ | ကျူးလွန်သူဟု စွပ်စွဲခံရသူများ |


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# က။ ပဏာမအဆင့် သုတေသနပြုခြင်းနှင့် အန္တရာယ်အလားအလာအကဲဖြတ်ခြင်းများ

နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ၊ စာမျက်နှာ ၁၂ - ၁၂၄၊
အခန်း ၇ - မထိခိုက်ပါစေနှင့်၊ အခန်း ၁၀ - လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု သက်သေအမျိုးအစားများ

- ပြင်ဆင်ခြင်းအဆင့်တွင် သင်ရှာဖွေနေသောသတင်းအချက်အလက်များကို အခြားသူများက မှတ်တမ်းတင်ထားပြီးရှိမရှိ၊ ထိုအချက်အလက်များကို ရယူအသုံးပြုနိုင်ခြင်းရှိမရှိ၊ တွေ့ဆုံမေးမြန်းခြင်းအပါအဝင် ပြန်လည်မှတ်တမ်းတင်ရန် လိုအပ်မှုရှိမရှိ စသည်တို့ကို ရှာဖွေဖော်ထုတ်သင့်သည်။

- အချို့သော သတင်းအချက်အလက်များသည် ပွင့်လင်းမြင်သာမှုရှိသော အရင်းအမြစ်က အစီရင်ခံစာများ သို့မဟုတ် နိုင်ငံတကာ အဖွဲ့အစည်းများမှ အလွယ်တကူ ရရှိနိုင်မည်ဖြစ်ပြီး အချို့မှာ ဒေသတွင်း၌သာဖြစ်စေ၊ ပြည်တွင်းအာဏာပိုင်များ/NGO များထံမှသာဖြစ်စေ ရရှိနိုင်သည်။

- မှတ်တမ်းတင်ခြင်းလုပ်ငန်းစဉ် *မစတင်မီ* သတင်းအချက်အလက်များကို တတ်နိုင်သမျှ ခွဲခြမ်းစိတ်ဖြာခြင်းသည် ရရှိနိုင်သော သတင်းအချက်အလက်များရှိ ကွာဟချက်များကို ရှာဖွေဖော်ထုတ်ရန်၊ သင်၏ မေးခွန်းမေးမြန်းမှုများကို ဂရုပြုအာရုံစိုက်ရန်၊ စုဆောင်းထားသော အချက်အလက်များ၏ ဆက်စပ်မှုကို တိုးမြှင့်လာရန် အထောက်အကူပြုမည်ဖြစ်သည်။

# က။ ပဏာမအဆင့် သုတေသနပြုခြင်းနှင့် အန္တရာယ်အလားအလာအကဲဖြတ်ခြင်းများ

နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ၊ စာမျက်နှာ ၁၂ - ၁၂၄၊
အခန်း ၂ - လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို နားလည်သဘောပေါက်ခြင်း၊ အခန်း ၄ - တစ်ဦးချင်း ရာဇဝတ်ကြောင်းအရ တာဝန်ရှိခြင်းနှင့်၊ အခန်း ၅ - နိုင်ငံတော်၏ တာဝန်ရှိခြင်း

## ပဏာမအဆင့် သုတေသနပြုခြင်း – သီးခြားရာဇဝတ်မှုများ/ချိုးဖောက်မှုများ

သီးခြား CARSV ရာဇဝတ်မှုများ သို့မဟုတ် ချိုးဖောက်မှုများကို သုတေသနပြုရန်အတွက် သက်ဆိုင်ရာ အကြောင်းအရာများမှာ အောက်ပါတို့ဖြစ်သည်။

- လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုပုံသဏ္ဍာန်များ၊ ပုံစံများ
- ရပ်ရွာနှင့် ဒေသန္တရလုံခြုံရေး အခြေအနေ
- ရရှိနိုင်သော တရားမျှတမှုနှင့် ပြန်လည်ဖြေရှင်းမှု ပုံသဏ္ဍာန်များ
- ကျား၊မ၊ Gender အခန်းကဏ္ဍများနှင့် လူမှုရေးဆိုင်ရာ လုပ်ရှားသက်ရောက်မှုများ
- အမျိုးသားနှင့် ကလေးသူငယ် နစ်နာခံစားရသူများအတွက် သီးခြားအိပ်ဟန့် အတားများ
- တရားဝင်အစီရင်ခံစာများနှင့် အမျိုးသားအဆင့်စုံစမ်းမေးမြန်းမှုများ
- သက်သေအထောက်အထားများနှင့် ဥပဒေဆိုင်ရာ အချက်၊ အင်္ဂါရပ်များ၏ စည်းကမ်းများ
- လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအပေါ် ယဉ်ကျေးမှုပိုင်းဆိုင်ရာ သဘောထားများ



*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျူ၊ ၂၀၁၈*

# က။ ပဏာမအဆင့် သုတေသနပြုခြင်းနှင့် အန္တရာယ်အလားအလာအကဲဖြတ်ခြင်းများ

နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ၊ စာမျက်နှာ ၁၂ - ၁၂၄၊
အခန်း ၂ - လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို နားလည်သဘောပေါက်ခြင်း၊ အခန်း ၄ - တစ်ဦးချင်း ရာဇဝတ်ကြောင်းအရ တာဝန်ရှိခြင်းနှင့်၊ အခန်း ၅ - နိုင်ငံတော်၏ တာဝန်ရှိခြင်း

## ပဏာမအဆင့် သုတေသနပြုခြင်း – ရာဇဝတ်မှုများ/ချိုးဖောက်မှုများ၏ ဆက်စပ်ရာအကြောင်းအရာ

ဖြစ်ပွားခဲ့သည့် CARSV ရာဇဝတ်မှုများ သို့မဟုတ် ချိုးဖောက်မှုများ၏ ဆက်စပ်ရာအကြောင်းအရာများကို သုတေသနပြုရန်အတွက် သက်ဆိုင်ရာအကြောင်းအရာများမှာ အောက်ပါတို့ ဖြစ်သည်။

- တိုင်းရင်းသားရေး/ ဘာသာရေး/လူမျိုးရေး တင်းမာမှု
- နိုင်ငံရေးနှင့် လုံခြုံရေးအခြေအနေ
- ပစ်မှတ်ထားခံရသည့် အုပ်စုများက ဘယ်သူတွေလဲ၊ ဘယ်လိုပစ်မှတ်ထား ခံရလဲ။
- ကျား၊မ၊ Gender အခြေပြုအကြမ်းဖက်မှု ၏ ရာဇဝင်နှင့်ပုံစံများ
- အခြားရာဇဝတ်မှု များနှင့် ထပ်နေခြင်း
- ပဋိပက္ခ/တိုက်ခိုက်မှု၏ အသေးစိတ် အချက်အလက်


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# က။ ပဏာမအဆင့် သုတေသနပြုခြင်းနှင့် အန္တရာယ်အလားအလာအကဲဖြတ်ခြင်းများ

နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ၊ စာမျက်နှာ ၁၂ - ၁၄၊
အခန်း ၄ - တစ်ဦးချင်း ရာဇဝတ်ကြောင်းအရ တာဝန်ရှိခြင်းနှင့်၊ အခန်း ၅ - နိုင်ငံတော်၏ တာဝန်ရှိခြင်း၊
အခန်း ၈ - ဘေးကင်းလုံခြုံရေး

## ပဏာမအဆင့် သုတေသနပြုခြင်း – ကျူးလွန်သူများ

CARSV ကျူးလွန်ခဲ့သည်ဟု စွပ်စွဲခံရသော သို့မဟုတ် သံသယရှိသော လူအုပ်စုများကိုဖြစ်စေ၊ လူပုဂ္ဂိုလ်များကိုဖြစ်စေ သုတေသနပြုရန်အတွက် သက်ဆိုင်ရာအကြောင်းအရာများမှာ အောက်ပါတို့ ဖြစ်သည်။

- လက်နက်ကိုင်အဖွဲ့များ၊ နယ်မြေနှင့်စိုးမိုးရေး
- စစ်ဘက်/လုံခြုံရေး အဆောက်အဦများ
- စုံစမ်းမေးမြန်းမှုများကို ပိတ်ဆို့/ထိန်းချုပ်နိုင်မှု
- လက်နက်ကိုင်အဖွဲ့များ၏ အမျိုးသား/အမျိုးသမီး အဖွဲ့ဝင်
- ဒေသခံလူ့အဖွဲ့အစည်းအပေါ် ဩဇာလွှမ်းမိုးမှု
- နိုင်ငံရေး သို့မဟုတ် စစ်ရေးအဆက် အသွယ်များ



*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# က။ ပဏာမအဆင့် သုတေသနပြုခြင်းနှင့် အန္တရာယ်အလားအလာအကဲဖြတ်ခြင်းများ

နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ၊ စာမျက်နှာ ၁၂ - ၁၄၊
အခန်း ၇ - မထိခိုက်ပါစေနှင့်၊ အခန်း ၈ - ဘေးကင်းလုံခြုံရေး

## ပဏာမအဆင့် သုတေသနပြုခြင်း – လွှဲပြောင်းဆောင်ရွက်သည့် ဝန်ဆောင်မှုများ

CARSV ကြောင့် နစ်နာခံစားရသူ/၎င်း၏မျက်မြင်သက်သေများအတွက် ရရှိနိုင်သော အထောက်အကူပြု ဝန်ဆောင်မှုတို့ကို သုတေသနပြုရန်အတွက် သက်ဆိုင်ရာအကြောင်းအရာများမှာ အောက်ပါတို့ ဖြစ်သည်။

- ဆေးဘက်ဆိုင်ရာနှင့် စိတ်ပိုင်း-လူမှုရေး ဆိုင်ရာ ဝန်ဆောင်မှုများ
- ပြည်တွင်း/အမျိုးသား အဆင့်/ဒေသန္တရဆိုင်ရာ အဖွဲ့အစည်းများ
- လုံခြုံရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ အဟန့်အတားများ
- ဒေသခံ NGO များနှင့် နစ်နာခံစားရသူများကို အထောက်အကူပြု သည့်အဖွဲ့များ
- ဥပဒေရေးရာ သို့မဟုတ် စီးပွားရေးရာ ကူညီထောက်ပံ့မှု များ ရယူနိုင်မှု
- ညွှန်းပေးရန် ရွေးချယ်စရာများ /နောက်ဆက် တွဲလိုက်ရန်


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈

# က။ ပဏာမအဆင့် သုတေသနပြုခြင်းနှင့် အန္တရာယ်အလားအလာအကဲဖြတ်ခြင်းများ

နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ၊ စာမျက်နှာ ၁၂၅ - ၁၂၉၊
အခန်း ၃ - တာဝန်ယူမှု တာဝန်ခံမှု လမ်းကြောင်းနှင့် ကုစားပေးလျော်ခြင်း၊
အခန်း ၄ - တစ်ဦးချင်း ရာဇဝတ်ကြောင်းအရ တာဝန်ရှိခြင်းနှင့်၊ အခန်း ၅ - နိုင်ငံတော်၏ တာဝန်ရှိခြင်း၊

## ပဏာမအဆင့် သုတေသနပြုခြင်း – ရည်မှန်းချက်နှင့် လုပ်ဆောင်ချက်များ

သင်၏ တာဝန်ယူမှု၊ တာဝန်ခံမှု ရည်မှန်းချက်ကို အကောင်အထည်ဖော်ရန် သုတေသနပြု၊ ထူထောင်ရမည့် သက်ဆိုင်ရာအကြောင်းအရာများမှာ အောက်ပါတို့ ဖြစ်သည်။

- မှတ်တမ်းတင်ခြင်းလုပ်ငန်းစဉ်၏ ရည်ရွယ်ချက်နှင့် တိကျသောရလဒ်
- ရနိုင်သည့် တာဝန်ယူမှု၊ တာဝန်ခံမှု ယန္တရားများနှင့် ၎င်းတို့၏လိုအပ်ချက်များ
- မူဝါဒရေးရာ တာဝန်ခံမှု (RPE) အပါအဝင် သက်ဆိုင်ရာ ဥပဒေမူဘောင်
- ရာဇဝတ်မှုများ/ချိုးဖောက်မှုများ၏ အရင်းခံ အစိတ်အပိုင်း၊အင်္ဂါရပ်များ
- စုံစမ်းမေးမြန်းရေးနယ်ပယ်အတိုင်းအတာနှင့် (ဥပမာအားဖြင့် ဝန်ထမ်းများ၊ ကုန်ကျစရိတ်ကဲ့သို့) အရင်းအမြစ်များ


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈*

# ခ။ သတင်းအချက်အလက် စုဆောင်းခြင်း မဟာဗျူဟာ

နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ၊ စာမျက်နှာ ၁၂၉ - ၁၃၆၊
အခန်း ၁၀ - သက်သေအမျိုးအစားများနှင့် အခန်း ၁၁ - တွေ့ဆုံမေးမြန်းခြင်း၊
နောက်ဆက်တွဲ (၁) - သက်သေအထောက်အထားဆိုင်ရာ အချက်အလက်များပါရှိသည့် မှတ်စုစာအုပ်

သတင်းအချက်အလက်စုဆောင်းခြင်း မဟာဗျူဟာသည် ပိုမိုကျယ်ပြန့်သော CARSV မှတ်တမ်းတင်ခြင်းအစီအစဉ်၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ၎င်းတွင် အောက်ပါမေးခွန်းများအတွက် အဖြေများပါဝင်သင့်သည်။

ရာဇဝတ်မှုတွေ/ချိုးဖောက်မှုတွေရဲ့ ဥပဒေရေးရာ အစိတ်အပိုင်း၊ အင်္ဂါရပ်များ ပြည့်မီရန် **ဘယ်လိုသတင်းအချက်အလက်များ** လိုအပ်သလဲ။

**ကွာဟချက်တွေက ဘာတွေလဲ၊** နောက်ထပ် သတင်းအချက်အလက်တွေကို **ဘယ်မှာ** ရနိုင်မလဲ။

မျက်မြင်သက်သေတွေကို **ဘယ်လိုမျိုး ရှာဖွေဖော်ထုတ်/** ချဉ်းကပ်ပြီး အခြား CARSV သတင်းအချက်အလက်တွေကို စုဆောင်းမလဲ။

CARSV သတင်းအချက်အလက်တွေကို **ဘယ်လိုမျိုး သိမ်းဆည်း၊ သယ်ယူပို့ဆောင်မလဲ။**

သတင်းအချက်အလက်/စနစ်/ကိရိယာတွေကို **ဘယ်လို စီစဉ်မလဲ။**


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျူ ၊ ၂၀၁၈*

# ခ။ သတင်းအချက်အလက် စုဆောင်းခြင်း မဟာဗျူဟာ

နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ၊ စာမျက်နှာ ၁၂၉ - ၁၃၆၊
အခန်း ၁၀ - သက်သေအမျိုးအစားများနှင့်၊ အခန်း ၁၁ - တွေ့ဆုံမေးမြန်းခြင်း၊
နောက်ဆက်တွဲ (၁) - သက်သေအထောက်အထားဆိုင်ရာ အချက်အလက်များပါရှိသည့် မှတ်စုစာအုပ်

- လက်တွေ့လုပ်ဆောင်ရာ၌ ၎င်းသည် ရာဇဝတ်မှုတစ်ခုစီအတွက်ဖြစ်စေ၊ ချိုးဖောက်မှုတစ်ခုစီအတွက် ဖြစ်စေ သက်သေပြနိုင်စေမည့် ဥပဒေရေးရာ အစိတ်အပိုင်း၊ အင်္ဂါရပ်တစ်ခုစီကို စာရင်းပြုဖော်ပြထားသည့် သက်သေအထောက်အထားဆိုင်ရာ အချက်အလက်များပါရှိသည့် စာအုပ်ငယ်ကို ပြုစုရေးသားသင့်သည် ဟု ဆိုလိုခြင်းဖြစ်သည်။
- သက်သေပြရန် လိုအပ်သည့် တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော အစိတ်အပိုင်း၊ အင်္ဂါရပ် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့် ဖြစ်နိုင်ချေရှိသော သတင်းအရင်းအမြစ်များနှင့် အချက်အလက်အမျိုးအစားများ အားလုံးကိုလည်း စာရင်းပြုစုထားသင့်သည်။ ၎င်းတွင်...

| | | | |
|---|---|---|---|
| ထွက်ဆိုချက် သက်သေ အထောက်အထား | မှတ်တမ်းသက်သေ အထောက်အထား | ဒစ်ဂျစ်တယ်သက်သေ အထောက်အထား | ရုပ်ပိုင်းဆိုင်ရာ သက်သေ အထောက်အထား |

စသည်တို့ ပါဝင်နိုင်သည်။


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# ခ။ သတင်းအချက်အလက် စုဆောင်းခြင်း မဟာဗျူဟာ

နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ၊ စာမျက်နှာ ၁၃၁ - ၁၃၄၊
အခန်း ၂ - လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို နားလည်သဘောပေါက်ခြင်း

- အခြားသော ရာဇဝတ်မှုများထက် CARSV ကြောင့် နစ်နာခံစားသူများ/ မျက်မြင်သက်သေများကို ရှာဖွေဖော်ထုတ်ရန် ပိုမိုခက်ခဲနိုင်သည်။ ထိုနစ်နာခံစားရသူများ/ မျက်မြင်သက်သေများတွင် အမျိုးသားနှင့် ကလေးသူငယ်နစ်နာခံစားရသူများ အထူးသဖြင့် ပါဝင်သည်။

- နစ်နာခံစားရသူများသည် အောက်ပါအတွင်းပိုင်း၊ အပြင်ပိုင်းက အကြောင်းအရင်းများစွာကြောင့် ၎င်းတို့၏ ကိုယ်ပိုင်အတွေ့အကြုံများအကြောင်းကို ထုတ်ဖော်ပြောပြရန် တွန့်ဆုတ်ခြင်းဖြစ်စေ၊ မလိုလားခြင်း ဖြစ်စေ၊ မပြောဆိုနိုင်ခြင်းဖြစ်စေ ဖြစ်နိုင်သည်။

- စိတ်ဒဏ်ရာ/ ရှောင်ရှားခြင်း
- လုံခြုံရေးရာ စိုးရိမ်မှုများ/ ကြောက်ရွံ့မှုများ
- အရှက်နှင့် သိက္ခာ
- ယုံကြည်မှုမရှိခြင်း/ အကျင့်ပျက်ချစားမှု
- လူမှုရေးအမြင် စောင်းခံရခြင်း/ လက်စားချေခြင်း
- ကျား/မ၊ Gender ယဉ်ကျေးမှုဆိုင်ရာ အဟန့်အတားများ
- ပုဂ္ဂိုလ်ရေးရာ အခြေအနေများ


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# ခ။ သတင်းအချက်အလက် စုဆောင်းခြင်း မဟာဗျူဟာ

## နစ်နာခံစားရသူများနှင့် အခြားမျက်မြင်သက်သေများကို ရှာဖွေဖော်ထုတ်ခြင်း

နစ်နာခံစားရသူများ/ မျက်မြင်သက်သေများ ရှေ့သို့ ထွက်လာစေရန် အားပေးတိုက်တွန်းမည့် ဆောင်ရွက်ချက်များတွင် အောက်ပါတို့ ပါဝင်သည်။

### ဘက်လိုက်မှုကို ရှောင်ကြဉ်ခြင်း။

- **အသက်အရွယ်** သို့မဟုတ် **ကျား၊မ၊ Gender** သို့မဟုတ် **လူမှု အဆင့်အတန်း**အပေါ်အခြေခံ၍ မည်သူမည်ဝါသည် နစ်နာခံစားရသူဖြစ်နိုင်သည်ဟူသောယူဆခြင်းကို မပြုလုပ်ပါနှင့်။
- နစ်နာခံစားရသူများသည်မည်ကဲ့သို**တုံ့ပြန်**"သင့်သည်" သို့မဟုတ် မည်ကဲ့သို့**ပြုမူ**"သင့်သည်" ဆိုသော **ပုံသွင်းထားသည့် ပုံသေအသွင်ပုံစံများ/အယူစွဲများ**ကို သတိထားပါ။

### လုံခြုံရေးနှင့် ကိုယ်ရေးကိုယ်တာ

- **လျှို့ဝှက်သိုသိပ်သည့်နေရာ**တွင် တွေ့ဆုံရန် ကြိုးစားပြီး ပတ်ဝန်းကျင်ကို **သက်တောင့်သက်သာဖြင့် လုံခြုံစေအောင်** ကြိုးစားလုပ်ဆောင်ပါ။
- **အမြင်ဆိုင်ရာ ကိုယ်ရေးကိုယ်တာလုံခြုံမှု**ကို အာမခံမပေးနိုင်ပါက **အပြင်မှ တပါးသူများ မကြားရပါစေနှင့်။**

### ကျွမ်းကျင်အတတ်ပညာရှင်ဆန်ဆန် ချဉ်းကပ်မှု

- သင်၏ **စကားလုံးရွေးချယ်မှု၊ ကိုယ်ဟန်အမူအရာ၊ မျက်နှာအမူအရာများ**ကို မည်ကဲ့သို့အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်ကို သတိထားပါ။
- **လိင်ကိစ္စများ၊ ဝေါဟာရအသုံးအနှုန်းများ**နှင့် ပတ်သက်၍ သင့်အနေနှင့် သက်သောင့်သက်သာ ရှိကြောင်း သေချာပါစေ။

### အထောက်အကူပြုမှုနှင့် ပြင်ပသို့လက်လှမ်းမီကူညီခြင်း

- နစ်နာခံစားရသူများကို မဆက်သွယ်မီ ပတ်ဝန်းကျင်အတွင်း **လွှဲပြောင်းမှု/ အထောက်အကူပြုမှု ဝန်ဆောင်မှုများ**ကို သိုတေသနပြု၊ ချိတ်ဆက်လုပ်ဆောင်ပါ။
- နစ်နာခံစားရသူများ၏ **လိုအပ်ချက်များ သို့မဟုတ် ကြောက်ရွံ့မှုများ သို့မဟုတ် စိုးရိမ်မှုများ**ကို အကဲဖြတ်သုံးသပ်၊ တုံ့ပြန်ရန် ကြိုးစားပါ။



*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျူ ၊ ၂၀၁၈*

# ၁။ သတင်းအချက်အလက် စုဆောင်းခြင်း မဟာဗျူဟာ

နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ၊ စာမျက်နှာ ၁၃၁ - ၁၃၄၊
အခန်း ၂ - လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို နားလည်သဘောပေါက်ခြင်း

- နစ်နာခံစားရသူ/မျက်မြင်သက်သေများသည် တစ်ခါတရံ ရုတ်တရက်အလိုအလျောက် လာရောက်ထွက်ဆိုတတ်သည် - အကယ်၍ မျက်မြင်သက်သေ/နစ်နာခံစားရသူတစ်ဦးသည် တွေ့ဆုံမေးမြန်းစဉ်အတွင်း အခြားရာဇဝတ်မှုများအတွက် သက်သေအထောက်အထားကောင်းတစ်ခု ဖြစ်လာပါက သင်အနေနှင့် လုပ်ဆောင်ရမည့် အရေးပေါ်အစီအစဉ်တစ်ခု လိုအပ်ပါသည်။
- အကယ်၍ နစ်နာခံစားရသူ/ မျက်မြင်သက်သေများကို (NGOများ သို့မဟုတ် စိစစ်ရေးကိရိယာများ (screening tools) သို့မဟုတ် စစ်တမ်းများကဲ့သို့) တတိယကြားခံအဖွဲ့အစည်းတစ်ခုခုက ကနဦးရှာဖွေတွေ့ရှိခဲ့ပါက သင်၏ချဉ်းကပ်မှုသည် ၎င်းတို့၏လျို့ဝှက်ချက်ထိန်းသိမ်းမှုနှင့် လုံခြုံရေးလိုအပ်ချက်များကို လေးစားလိုက်နာသင့်ပြီး ယခင်က သဘောတူညီပြီး ဆွေးနွေးထားခြင်းမရှိပါက တတိယကြားခံအဖွဲ့ အစည်း အရင်းအမြစ်များကို မဖော်ပြသင့်ပါ။
- နစ်နာခံစားရသူများ/မျက်မြင်သက်သေများကို ကြားခံလူများကတဆင့် ဖော်ထုတ်နိုင်သည်။


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# ခ။ သတင်းအချက်အလက် စုဆောင်းခြင်း မဟာဗျူဟာ

နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ၊ စာမျက်နှာ ၁၃၁ - ၁၃၄

ကြားခံလူဆိုသည်မှာ သက်ဆိုင်ရာလူပုဂ္ဂိုလ်များ သို့မဟုတ် သတင်းအချက်အလက် အရင်းအမြစ်များကို ရှာဖွေဖော်ထုတ်ရာတွင် သို့မဟုတ် ချဉ်းကပ်ရာတွင် အကူအညီဖြစ်စေရန် သင်ထိတွေ့ဆက်ဆံသည့် မည်သူကိုမဆို ဆိုလိုခြင်းဖြစ်သည်။

- သင်မရင်းနှီးသော ပတ်ဝန်းကျင်တစ်ခုတွင် လုပ်ဆောင်နေသည်ဖြစ်စေ၊ ပြင်းထန်သော လုံခြုံရေးအန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းသည်ဖြစ်စေ၊ ပြင်ပနှင့်ဆက်ဆံမှုမရှိသော အသိုင်းအဝိုင်းမှ လူများထံ ချဉ်းကပ်ရန် ကြိုးစားနေသည်ဖြစ်စေ ကြားခံလူတစ်ဦး လိုအပ်နိုင်ပါသည်။
- မတူညီသော လူတစ်ဦးတစ်ယောက်ချင်း သို့မဟုတ် အဖွဲ့များသည် ကြားခံလူများအဖြစ် လုပ်ဆောင်နိုင်သည်-

NGO များနှင့် ဝန်ဆောင်မှုပေးသူများ

နစ်နာခံစားရသူများကို အထောက်အကူပြု အဖွဲ့များ

ဘာသာရေး သို့မဟုတ် ရပ်ရွာ ခေါင်းဆောင်များ

အမျိုးသား အသက်ရှင် ကျန်ရစ်သူ ကွန်ရက်များ


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈

# ခ။ သတင်းအချက်အလက် စုဆောင်းခြင်း မဟာဗျူဟာ

နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ၊ စာမျက်နှာ ၁၃၁ - ၁၃၄

## ကြားခံလူများကို အသုံးပြုခြင်းနှင့် ရွေးချယ်ခြင်း

- ကြားခံလူများသည် ဒေသဆိုင်ရာ သတင်းအချက်အလက်/ဆက်စပ်ရာအကြောင်းအရာများ၏ အရေးပါသော အရင်းအမြစ်ဖြစ်နိုင်ပြီး တာဝန်သိစွာ အန္တရာယ်အလားအလာကို စီမံခန့်ခွဲရန် နည်းလမ်းကောင်း တစ်ခုဖြစ်နိုင်သော်လည်း ၎င်းတို့သည် အခြားသူများနှင့် လုပ်ကိုင်ဆောင်ရွက်ရာ၌ သင့်ကိုကိုယ်စားပြု နေပါက ၎င်းတို့ကို ဂရုတစိုက် ကြီးကြပ်ကွပ်ကဲရန် လိုအပ်မည်ဖြစ်ပါသည်။




- အထူးသဖြင့် နစ်နာခံစားရသူ/မျက်မြင်သက်သေတစ်ဦးထံ ကနဦးချဉ်းကပ်မှုလုပ်ဆောင်ရာတွင် ကြားခံလူအသစ် သို့မဟုတ် အကျွမ်းတဝင်မရှိသော ကြားခံလူတစ်ဦးနှင့် လုပ်ဆောင်နေပါက ၎င်းတို့၏ သမာသမတ်ကျမှုနှင့် ဖြစ်နိုင်ချေရှိသော အကြံအစည် အစီအစဉ်များကို သတိထားပါ။



© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈

# ခ။ သတင်းအချက်အလက် စုဆောင်းခြင်း မဟာဗျူဟာ

နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ၊ စာမျက်နှာ ၁၃၁ - ၁၃၄
အခန်း ၈ - ဘေးကင်းလုံခြုံရေး

## <u>ကြားခံလူများကို အသုံးပြုခြင်းနှင့် ရွေးချယ်ခြင်း</u>

ကြားခံလူတစ်ဦးကို ရွေးချယ်ခြင်း သို့မဟုတ် ၎င်းတို့နှင့် အလုပ်မလုပ်မီ အောက်ပါအကြောင်းအရာများကို ထည့်သွင်းစဉ်းစားသင့်သည်။

| | | | |
|---|---|---|---|
| သက်ဆိုင်ရာ ရပ်ရွာခေါင်းဆောင်များ၊ အဖွဲ့အစည်းများ | အမျိုးသမီး/ အမျိုးသား နှစ်နှာ ခံစားရသူများကို ချဉ်းကပ်ရန် သင့်လျော်မှု | ကြားခံလူနှင့်ဆက်သွယ်ရန်ယုံကြည်စိတ်ချရသော နည်းလမ်းများ | သက်ဆိုင်ရာ ဒေသတွင်ရှိ အထောက်အကူပြု အဖွဲ့/အဖွဲ့အစည်းများ |
| အသက်ရှင်ကျန်ရစ်သူများနှင့် မျက်မြင်သက်သေများအပေါ် သက်ရောက်မှု | တည်ဆဲဥပဒေနှင့် ကျင့်ဝတ်စံနှုန်းများကို လိုက်နာစောင့်ထိန်းမှု | လုပ်ရှားမှုများကို စောင့်ကြည့်စီမံခန့်ခွဲနိုင်မှု | နောက်ကြောင်းစစ်ဆေးမှု၊ ဆက်စပ်နိုးနွှယ်မှုနှင့် ကျား၊မ၊ Gender ရေးရာ အပေါ်အမြင်များ |

နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ
© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈

# ၁၀။ သတင်းအချက်အလက် စုဆောင်းခြင်း မဟာဗျူဟာ



## ကြားခံလူများကို အသုံးပြုခြင်းနှင့် ရွေးချယ်ခြင်း

- သင့်ကြားခံလူသည် အောက်ပါ ကျွမ်းကျင်အတတ်ပညာရှင်မဆန်သော အလေ့အကျင့်များကို ရှောင်ကြဉ်သင့်သည်။

လူ့ကျင့်ဝတ်နှင့်မညီသော/မရိုးသားသော အပြုအမူ

သဘောတူညီထားသည့် အခန်းကဏ္ဍ/လုပ်ပိုင်ခွင့်ထက် ကျော်လွန်ပါဝင်မှု

ငွေကြေးကမ်းလှမ်းခြင်း သို့မဟုတ် ပစ္စည်းဥစ္စာဖြင့် မက်လုံးပေးခြင်း

မျက်မြင်သက်သေများကို လမ်းညွှန်ပေးခြင်း သို့မဟုတ် နိမိတ်ပြမေးခွန်းများ မေးခြင်း။

ကျိုးကြောင်းမဆီလျော်သော မျှော်လင့်ချက်များ ထုတ်ဖော်ပြောကြားခြင်း။


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈

# ၁။ သတင်းအချက်အလက် စုဆောင်းခြင်း မဟာဗျူဟာ



**စကားပြန်များကို အသုံးပြုခြင်းနှင့် ရွေးချယ်ခြင်း**

- စကားပြန်များသည် သင့်အဖွဲ့၏ အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ၎င်းတို့သည် သင်၏ အဓိကဆက်သွယ်ရေးအချက်အချာဖြစ်ပြီး ဒေသဆိုင်ရာ/ဆက်စပ်ရာ သတင်းအချက်အလက်များ၏ အရေးကြီးသောအရင်းအမြစ်လည်းဖြစ်သည်။
- သင့်စကားပြန်ကို ဖြစ်နိုင်ပါက အကောင်းဆုံးဖြစ်အောင် ကျွမ်းကျင်အတတ်ပညာရှင်ဆန်ဆန် လေ့ကျင့်သင်ကြားထားသင့်ပြီး (သင့်လျော်သလို အမျိုးသားများ၊ ကလေးသူငယ်များအပါအဝင်) CARSV ကြောင့် နစ်နာခံစားရသူများ/ ၎င်း၏ သက်သေများနှင့် လက်တွဲလုပ်ဆောင်ရန် ကိုယ်ချင်းစာနိုင်စွမ်းနှင့် အတွေ့အကြုံများ ရှိထားသင့်ပါသည်။
- အလွန်ထိခိုက်လွယ်သည့် အချက်အလက်များကို ရရှိအသုံးပြုနိုင်မည်ဖြစ်ပြီးသောကြောင့် ဖြစ်နိုင်ချေရှိသော စကားပြန်များကို ဂရုတစိုက် စိစပ်စစ်ဆေးထားရန် အရေးကြီးပြီး၊ ၎င်းတို့ ထုတ်ဖော်ပြောဆိုနိုင်သည့် အန္တရာယ်အလားအလာကို အကဲဖြတ်ပြီး လျှော့ချရမည်ဖြစ်သည်။


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# ခ။ သတင်းအချက်အလက် စုဆောင်းခြင်း မဟာဗျူဟာ

နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ၊ စာမျက်နှာ ၁၃၄ - ၁၃၅
အခန်း ၁၁ - တွေ့ဆုံမေးမြန်းခြင်း

## <u>စကားပြန်များကို အသုံးပြုခြင်းနှင့် ရွေးချယ်ခြင်း</u>

- သင်၏အဖွဲ့သားများကဲ့သို့ပင် လျှို့ဝှက်ချက်ထိန်းသိမ်းမှု၊ အသိပေးသဘောတူမှု၊ “မထိခိုက်စေနှင့်” သဘောတရားများနှင့် ပတ်သက်၍ စကားပြန်များကို အကျဉ်းချုံး ပြောကြားပေးရန် လိုအပ်ပါသည်။ သို့မှသာ ၎င်းတို့အနေနှင့် ရည်ရွယ်ချက်များ၊ ၎င်းတို့၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများကို သိရှိနားလည်မည် ဖြစ်သည်။

- စကားပြန်အားလုံးကို ကျွမ်းကျင်အတတ်ပညာရှင်ဆန်ဆန် လေ့ကျင့်သင်ကြားပေးထားမည်မဟုတ်ပါ။ အချို့အနေနှင့် သက်ဆိုင်ရာစကားလုံးအသုံးအနှုန်း(များ)ကိုသာ ပြောဆိုနိုင်ခြင်းရှိလိမ့်မည်။ သင်သည် သူတို့ကနေတဆင့် စကားပြောဆိုနေပြီး သူတို့လည်း တခြားသူများအရှေ့မှာ သင့်အား ကိုယ်စားပြုသည်ကို သတိရပါ။






*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈*

# ခ။ သတင်းအချက်အလက် စုဆောင်းခြင်း မဟာဗျူဟာ

## စကားပြန်များကို အသုံးပြုခြင်းနှင့် ရွေးချယ်ခြင်း

စကားပြန်တစ်ဦးကို ရွေးချယ်ရာတွင် သက်ဆိုင်ရာအချက်များ ပါဝင်သည်-

| | | |
|---|---|---|
| ငွေကြေးကုန်ကျစရိတ်နှင့် ကျွမ်းကျင်အတတ်ပညာရှင်ဆိုင်ရာတန်ဖိုး | (အမျိုးသားများ အပေါ်လည်း ကျူးလွန်သည့်) လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု အပေါ် ပုဂ္ဂိုလ်ရေးအမြင်များ | လေ့ကျင့်သင်ကြားခြင်း/ ကလေးများနှင့်အတူ အလုပ်လုပ်ဖူးသည့် အတွေ့အကြုံရှိခြင်း |
| ကိုယ်ရေးအကျဉ်း (အသက်၊ လူမျိုး၊ လိင်) – အန္တရာယ်အလားအလာ အကဲဖြတ်သုံးသပ်ခြင်း။ | လျှို့ဝှက်ချက်ထိန်းသိမ်းရေး နှင့် လုံခြုံရေးဆိုင်ရာ စိုးရိမ်မှုများ | သမာသမတ်ရှိမှုနှင့် နောက်ကြောင်းစစ်ဆေးမှု |
| မျက်မြင်သက်သေများ အတွက် ယုံကြည်မှုဆိုင်ရာအရေးကိစ္စများ (ယဉ်ကျေးမှု/ နိုင်ငံရေးအုပ်စုများ) | အမျိုးသား၊ အမျိုးသမီး စကားပြန်များ လိုအပ်မှု | |

# ခ။ သတင်းအချက်အလက် စုဆောင်းခြင်း မဟာဗျူဟာ

နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ၊ စာမျက်နှာ ၁၃၅ - ၁၃၆၊
အခန်း ၁၀ - သက်သေအမျိုးအစားများနှင့်၊ အခန်း ၁၂ - နောက်ထပ်အချက်အလက်များ ကောက်ယူခြင်း၊
အခန်း ၁၃ - သတင်းအချက်အလက်များကို သိမ်းဆည်းကိုင်တွယ်ခြင်းနှင့်၊ အခန်း ၁၄ - သက်သေအထောက်အထားနှင့်
သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်း၊
နောက်ဆက်တွဲ (၉) - ထိန်းသိမ်းမှုကွင်းဆက်ပုံစံ

## သတင်းအချက်အလက်များကို စီမံခန့်ခွဲခြင်း

- CARSV မှတ်တမ်းတင်ခြင်းလုပ်ငန်းစဉ်တွင် မတူညီသောပုံစံများဖြင့် သက်သေအထောက်အထားများဖြစ်စေ၊ သတင်းအချက်အလက်များဖြစ်စေရှာဖွေခြင်းပါဝင်သည်။ ၎င်းတို့သည် စာရွက်စာတမ်းများ၊ အဝတ်အစားများ၊ သက်သေထွက်ဆိုချက်များ၊ ဓာတ်ပုံများ၊ တရားဝင်မှတ်တမ်းများ စသည်တို့ဖြစ်သည်။

- သတင်းအချက်အလက်တစ်ခုစီသည် ဖြစ်စဉ်ဇာတ်လမ်းကိုပြောပြရာ၌ အကူအညီပေးနိုင်သော်လည်း အကာအကွယ်ပေးပြီး ဂရုတစိုက်စီမံခန့်ခွဲမှု မရှိပါက နစ်နာခံစားရသူ သို့မဟုတ် မျက်မြင်သက်သေမည်သူဖြစ်ကြောင်းကိုလည်း ဖော်ပြကောင်း ဖော်ပြနေလိမ့်မည်ဖြစ်သည်။

- သင့်သတင်းအချက်အလက်ဖြင့် သင်ဘာလုပ်မည်နှင့်အတူ သင်ဘာတွေလုပ်နိုင်မည်နည်းကို အစီအစဉ်ချမှတ်ရေးဆွဲသောအဆင့်တွင် သေချာစဉ်းစားရန် အရေးကြီးသည်။


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# ခ။ သတင်းအချက်အလက် စုဆောင်းခြင်း မဟာဗျူဟာ

နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ၊ စာမျက်နှာ ၁၃၅ - ၁၃၆၊
အခန်း ၁၀ - သက်သေအမျိုးအစားများနှင့်၊ အခန်း ၁၂ - နောက်ထပ်အချက်အလက်များ ကောက်ယူခြင်း၊
အခန်း ၁၃ - သတင်းအချက်အလက်များကို သိမ်းဆည်းကိုင်တွယ်ခြင်းနှင့်၊ အခန်း ၁၄ - သက်သေအထောက်အထားနှင့်
သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်း၊
နောက်ဆက်တွဲ (၉) - ထိန်းသိမ်းမှုကွင်းဆက်ပုံစံ

## သတင်းအချက်အလက်များကို စီမံခန့်ခွဲခြင်း

- သတင်းအချက်အလက် သိမ်းဆည်းခြင်းနှင့်ပြန်လည်ရယူခြင်းအတွက် အစီအစဉ်များ ရေးဆွဲရာတွင်...

➔အလားအလာရှိသော သတင်းအချက်အလက်ပမာဏနှင့် (ဥပမာအားဖြင့် လော့ခ်ချထားသော ဖိုင်တွဲဗီရို၊ လုံခြုံသောသိုလှောင်မှုယူနစ်ကဲ့သို့သော) လုံခြုံသောသီးသန့်နေရာတစ်ခု လိုအပ်မှုကို ထည့်သွင်းစဉ်းစားပါ။

- သတင်းအချက်အလက်စီမံခန့်ခွဲမှုအတွက် အစီအစဉ်များ ရေးဆွဲရာတွင်...

➔အရေအတွက်များပြားသည့် သတင်းအချက်အလက်များစွာကို စီစဉ်ရှာဖွေရန်နှင့် အသေးစိတ်အချက်အလက်များနှင့် ပုံစံများကို ရှာဖွေဖော်ထုတ်ရန် အသင့်တော်ဆုံးဖြစ်မည့်စနစ်ကို ထည့်သွင်းစဉ်းစားပါ။


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈*

# ခ။ သတင်းအချက်အလက် စုဆောင်းခြင်း မဟာဗျူဟာ

နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ၊ စာမျက်နှာ ၁၃၅ - ၁၃၆၊
အခန်း ၁၀ - သက်သေအမျိုးအစားများနှင့်၊ အခန်း ၁၂ - နောက်ထပ်အချက်အလက်များ ကောက်ယူခြင်း၊
အခန်း ၁၃ - သတင်းအချက်အလက်များကို သိမ်းဆည်းကိုင်တွယ်ခြင်းနှင့်၊ အခန်း ၁၄ - သက်သေအထောက်အထားနှင့်
သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်း၊
နောက်ဆက်တွဲ (၉) - ထိန်းသိမ်းမှုကွင်းဆက်ပုံစံ

## သတင်းအချက်အလက်များကို စီမံခန့်ခွဲခြင်း

- ကျွာဟချက်များကို ရှာဖွေဖော်ထုတ်ပြီး ဦးစားပေးရမည့်အရာများကို စီမံခန့်ခွဲရန် မှတ်တမ်းတင်ခြင်း လုပ်ငန်းစဉ်တလျှောက် သင့်သတင်းအချက်အလက်များကို မကြာခဏ ပြန်လည်သုံးသပ်ပြီး ခွဲခြမ်းစိတ်ဖြာရန် အရေးကြီးပါသည်။
- သင့်သတင်းအချက်အလက်များကို တသမတ်တည်း မှတ်တမ်းတင်ပြီး ကက်တလောက်စာရင်းပြုလုပ်ရန် ဖြစ်နိုင်ပါက အကောင်းဆုံးဖြစ်အောင် အီလက်ထရွန်းနစ်ဒေတာဘေ့စ်ကို အသုံးပြုသင့်သည်။ ထိုသို့လုပ်ခြင်းအားဖြင့် ပိုမိုထိရောက်သော သတင်းအချက်အလက်စုဆောင်းခြင်းနှင့် ပိုမိုအသေးစိတ်သည့် ခွဲခြမ်းစိတ်ဖြာမှုများကို လုပ်ဆောင်နိုင်စေပါသည်။

နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ
© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# ၇။ လုပ်ငန်းစဉ်များ

နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ၊ စာမျက်နှာ ၁၃၇ - ၁၃၉၊
အခန်း ၇ - မထိခိုက်ပါစေနှင့်၊ အခန်း ၈ - ဘေးကင်းလုံခြုံရေး၊
အခန်း ၁၃ - သတင်းအချက်အလက်များကို သိမ်းဆည်းကိုင်တွယ်ခြင်းနှင့်၊ အခန်း ၁၄ - သက်သေအထောက်အထားနှင့်
သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်း၊
နောက်ဆက်တွဲ (၅) - အဖွဲ့အစည်းဆိုင်ရာလုံခြုံရေးအတွက် လုပ်ဆောင်ရမည့် ကောင်းမွန်သော အလေ့အထများစာရင်း

- သတင်းအချက်အလက်အသစ်များ စုဆောင်းထားသောကြောင့် သင်၏ CARSV မှတ်တမ်းတင်ခြင်း အစီအစဉ်ကို စဉ်ဆက်မပြတ် ပြန်လည်အကဲဖြတ်သုံးသပ်ထားကြောင်း သေချာစေရန်အတွက် လုပ်ငန်းစဉ်များ ရှိသင့်သည်။
- CARSV မှတ်တမ်းတင်ခြင်းလုပ်ငန်းမစတင်မီ ထိုသို့လုပ်ဆောင်ရန် ကျွမ်းကျင်အတတ်ပညာရှင်ဆန် ဆန်၊ ထိထိရောက်ရောက်၊ ကျင့်ဝတ်သိက္ခာ၊ ဥပဒေနှင့်အညီ လုပ်ဆောင်ရန် သင့်အဖွဲ့အစည်းတွင် သင့်လျော်သော လိုက်နာရမည့်ကျင့်ထုံးများ၊ အတွင်းပိုင်း ပုံသေသတ်မှတ်ထားသော အစီအစဉ် အတိုင်းလုပ်ဆောင်မှုများ (SOPs)၊ အာမခံအစီအစဉ်များ၊ အခြားမူဝါဒများ ထားရှိထားခြင်း ရှိမရှိကို ထည့်သွင်းစဉ်းစားသင့်ပါသည်။

# ၈။ လုပ်ငန်းစဉ်များ

ထည့်သွင်းစဉ်းစားသင့်သော လုပ်ငန်းစဉ်အချို့မှာ အောက်ပါတို့ဖြစ်သည်။

ဥပဒေနှင့်အညီ ကျွမ်းကျင် ပညာရှင်ဆန်စွာ ပြုမူနေထိုင်ရန်နှင့် အဓိက**ကျင့်ဝတ်သိက္ခာမူဝါဒများ**ကို လေးစားလိုက်နာရန် တာဝန်ရှိခြင်း

ကလေးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကဲ့သို့ ကိစ္စရပ်များကို **မဖြစ်မနေ အစီရင်ခံခြင်း** အတွက် လုပ်ငန်းစဉ်များ

ဒစ်ဂျစ်တယ်လုံခြုံရေး၊ လျှို့ဝှက်ချက် ထိန်းသိမ်းမှု၊ အလွန်ထိခိုက်လွယ်သည့် သတင်းအချက်အလက်ရယူခွင့်နှင့် သက်သေထောက်အထားများကို ကိုင်တွယ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

မျက်မြင်သက်သေများကိုင်တွယ်မှု၊ လွှဲပြောင်းပေးပို့မှု၊ မှတ်တမ်းတင်ပုံ၊ ဆက်သွယ် စကားပြောဆိုပုံ စသည်တို့နှင့် ဆိုင်သည့် လုပ်ထုံးလုပ်နည်းများ

တစ်ဦးချင်းစီ၏ ခံနိုင်ရည်ရှိမှုကို အကဲဖြတ်သုံးသပ်ခြင်း၊ တဆင့်ခံ စိတ်ဒဏ်ရာများ၏ လက္ခဏာများကို သိရှိနိုင်စေရန် လေ့ကျင့်ပေးခြင်းနှင့် နှစ်သိမ့်ဆွေးနွေးပေးခြင်း

ပြင်းထန်သော စိတ်ခံစားမှုဖြစ်စေသည့် အလုပ်များအတွက်နှင့် အားလပ်ချိန်များ၊ မိမိ ကိုယ်ကို ပြုစုစောင့်ရှောက်ခြင်း လှုပ်ရှားမှု များအတွက် အချိန်ပေးရန် ဝန်ထမ်းများကို အလှည့်ကျ တာဝန်ထမ်းဆောင်ခြင်း


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျူ ၊ ၂၀၁၈*

# မျက်မြင်သက်သေများကို ချဉ်းကပ်ခြင်း

## လေ့ကျင့်ခန်း

နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ၊ စာမျက်နှာ ၅၈ (အကွက် ၉)၊ စာမျက်နှာ ၈၈ (အကွက် ၁)၊ စာမျက်နှာ ၁၂၆ (အကွက် ၃)၊ စာမျက်နှာ ၁၃၀ (အကွက် ၆)၊ စာမျက်နှာ ၂၁၈ (အကွက် ၄) နှင့် စာမျက်နှာ ၂၆၈ (အကွက် ၃)

သင့်အဖွဲ့အတွက် ဖတ်ရှုဆွေးနွေးရန် တာဝန်ပေးထားသော ဖြစ်ရပ်အခြေအနေကို သေချာဖတ်ပါ။ အုပ်စုများ ခွဲ၍ နစ်နာခံစားရသူ သို့မဟုတ် မျက်မြင်သက်သေကို ရှာဖွေဖော်ထုတ်ခြင်းနှင့် ချဉ်းကပ်ခြင်းကို မည်သို့လုပ်ဆောင်နိုင်သည်ကို ဆွေးနွေးပါ။ ၎င်းကို တိုက်ရိုက် ဒါမှမဟုတ် ကြားခံလူကတဆင့် ချဉ်းကပ်မှုက ပိုပြီးသင့်လျော်ပါသလား။

အဆိုပါ နစ်နာခံစားရသူ/မျက်မြင်သက်သေအတွက် အန္တရာယ်အလားအလာအကဲဖြတ်သုံးသပ်မှုကို မချဉ်းကပ်မီဖြစ်စေ၊ မလုပ်ဆောင်မီဖြစ်စေ မည်သည့် နောက်ထပ်သတင်းအချက်အလက်များကို သုတေသနပြုရန် သို့မဟုတ် အစီအစဉ်ချမှတ်ရေးဆွဲရန် လိုပါသလဲ။

မည်ကဲ့သို့ ဆက်သွယ်စကားပြောသည့်ပုံစံများ သို့မဟုတ် သင့်လျော်သည့် တွေ့ဆုံမည့်လုပ်ရန် နေရာများကို သင့်အနေဖြင့် ရရှိနိုင်ပါသလဲ။


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈